**ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်**

**နိုင်ငံတော်ကောင်စီ**

**၁၉၈၄ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ**

**[၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁]**

**ရန်ကုန်မြို့၊ ၁၃၄၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**

**(၁၉၈၄ ခုနှစ်၊ မတ်လ ၂၈ ရက်)**

အောက်ဖော်ပြပါ ဥပဒေကိုထုတ်ပြန်ကြေငြာသည်။

နိဒါန်း

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အနှစ်၂၀နှစ်ရှည်စီမံကိန်းနှင့် စတုတ္ထလေး နှစ်စီမံကိန်း လမ်းညွှန်မှုများတွင် ပါရှိသည့် ရည်မှန်းချက်များနှင့် စတုတ္ထလေးနှစ်စီမံကိန်း (၁၉၈၂-၈၃ မှ ၁၉၈၅-၈၆)၏ ရည်မှန်းချက်များကို ရရှိစေရန် အလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို **၁၉၈၄ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ**ဟုခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၈၄-၈၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၈၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်ရ မည်။

**အခန်း (၂)**

**စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး**

၂။ တတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးကအတည်ပြုပေးခဲ့သော စတုတ္ထလေးနှစ် စီမံကိန်း ရည်မှန်းချက်များနှင့်အညီ ရေးဆွဲထားသည့် စတုတ္ထလေးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၁၉၈၄-၈၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက်ရည်မှန်းချက်များကို ရရှိနိုင်ရန် ထိုကဏ္ဍများနှင့် ယှဉ်တွဲဖော်ပြသောအဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက်အကောင်အထည် ဖော်ကြရမည်။

----- Footnote -----

[ပင်ရင်း- ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၉၈၄ ခုနှစ် ဥပဒေများ နည်းဥပဒေများစာအုပ်မှ ကူးယူတင်ပြသည်။]

----- **Attachment** -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား ၁၉၈၄-၈၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရည်မှန်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်

Myanmar Law Information System (MLIS)